THE WORLD BANK

Working for a World Free of Poverty

**သတင်းထုတ်ပြန်ချက်**

---

# ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံ စီးပွားရေး စောင့်ကြည့် အစီရင်ခံစာ ထုတ်ပြန်

**၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ ၂၀၁၃။** ၂၀၁၂ /၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ဓာတ်ငွေ့ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ဆောက်လုပ်ရေး၊ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု နှင့် လူသုံးကုန်ပစ္စည်းများ နိုင်ငံခြားတင်ပို့မှု စသည့်လုပ်ငန်းများ အားကောင်းလာသောကြောင့် နိုင်ငံ၏ စီးပွားရေးသည် ၆.၅% တိုးတက်လာသည်ဟု ကမ္ဘာ့ဘဏ်က ပထမဆုံးအကြိမ်ထုတ်ဝေသည့်  မြန်မာနိုင်ငံ စီးပွားရေး စောင့်ကြည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။ ပြည်တွင်း နှင့် ပြည်ပ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးမှု နစ်ရပ်စလုံးတွင် စိန်ခေါ်မှုများရှိနေသော်လည်း ကာလတို၊ ကာလလတ် စီးပွားရေး အလားအလာမှာ အကောင်းဖက်တွင် ရှိနေသည်။ စားသောက်ကုန်ဈေးနှုန်း နှင့် အိမ်ခြံ မြေငှားရမ်းခ စသည်တို့ မြင့်တက်လာသည် နှင့်အမျှ ပြီးခဲ့သောလများအတွင်း ငွေကြေးဖောင်းပွမှုများ ရှိလာပြီး ဩဂုတ်လတွင် ၇.၃ ရာခိုင်နှုန်းအထိ ရောက်ရှိလာသည်။ ထို့အပြင် မကြာမီက ပုံမှန်နှင့် အမှန်စွမ်းဆောင်ရည်ရှိ နိုင်ငံခြား ငွေလဲလှယ်နှုန်း (the nominal and real effective exchange rates) တန်ဖိုးလျော့ကျလာသည့်အတွက် ပြည်တွင်းပို့ကုန်လုပ်ငန်းရှင်များအတွက် ယှဉ်ပြိုင်နိုင်စွမ်း ပိုမို ကောင်းမွန်လာခဲ့သည်။  သို့သော် ဩဂုတ်လကစတင်၍ ထိုအညွှန်းကိန်းများသည် မြင့်တက်လာသောကြောင့် မြန်မာနိုင်ငံ လုပ်ငန်းရှင်များ၏ ပြည်ပဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းကို ထိခိုက်စေခဲ့ပါသည်။

"ကမ္ဘာ့ဘဏ်က အချိန်နဲ့ တပြေးညီဖြစ်တဲ့ စီးပွားရေးဆိုင်ရာအချက်အလက်နဲ့ လေ့လာသုံးသပ်မှုတွေကို အစိုးရ ဌာနဆိုင်ရာ မူဝါဒ ချမှတ်သူတွေ၊ သုတေသန အဖွဲ့အစည်းတွေ၊ လူမှုအဖွဲ့အစည်းတွေနဲ့ ပြည်သူတွေအတွက် ပုံမှန်ထုတ်ပြန်သွားနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ အပြောင်းအလဲတွေ အရှိန်အဟုန်နဲ့ ဖြစ်ပေါ်နေတဲ့ မြန်မာနိုင်ငံအတွက် ဒီအစီရင်ခံစာမှာ ပါဝင်တဲ့ သတင်းအချက်အလက်တွေက တိုင်းပြည်ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒတွေ ဖော်ဆောင်ဖို့ ဆွေးနွေးမှုတွေပြုလုပ်နိုင်ပြီး မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေချမှတ်နိုင်ဖို့ အထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ခန်သန် ရှန်ကာက ပြောကြားပါသည်။

ကမ္ဘာ့ဘဏ်က ပထမဆုံး အကြိမ်ထုတ်ပြန်လိုက်သည့် မြန်မာနိုင်ငံ စီးပွားရေးစောင့်ကြည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ စီးပွားရေး တစ်ခုလုံး (macroeconomic) ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် လက်ရှိ မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို လေ့လာ ဖော်ပြထားသည့်အပြင် အထူး ကဏ္ဍတစ်ရပ်လည်း ပါဝင်ပြီး ယခုနှစ်အစောပိုင်းတွင် ကမ္ဘာ့ဘဏ်က ထုတ်ဝေသည့် ပြည်သူ့ အသုံးစရိတ်နှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံမှု အစီရင်ခံစာမှ တွေ့ရှိချက်များကို အနှစ်ချုပ်ဖော်ပြထားသည်။ ကမ္ဘာ့ဘဏ်သည် မြန်မာနိုင်ငံ စီးပွားရေး စောင့်ကြည့် အစီရင်ခံစာကို ခြောက်လတစ်ကြိမ် ထုတ်ပြန်နိုင်ရန် စီစဉ်လျက်ရှိပြီး ကမ္ဘာ့ဘဏ်က တစ်နှစ်လျှင် နှစ်ကြိမ်ထုတ်ဝေသည့် အရှေ့အာရှနှင့် ပစိဖိတ် ဒေသဆိုင်ရာ အစီရင်ခံစာနှင့် အချိန်ကိုက် ထုတ်ပြန်သွားနိုင်ရန် ရည်ရွယ်ထားသည်။ မြန်မာနိုင်ငံ၏ စီးပွားရေး အခြေအနေများကို ထို ဒေသဆိုင်ရာ အစီရင်ခံစာတွင် မနှစ်က စတင် ထည့်သွင်း ဖော်ပြခဲ့ပြီး လွန်ခဲ့သည့်လက ယခုနှစ်၏ အစီရင်ခံစာကို ကမ္ဘာ့ဘဏ် ဒေသဆိုင်ရာ အကြီးတန်း စီးပွားရေး ပညာရှင် Bert Hofman ဦးဆောင်ကာ စင်ကာပူနိုင်ငံတွင် ထုတ်ပြန်ခဲ့သည်။

"မြန်မာနိုင်ငံ စီးပွားရေး စောင့်ကြည့် အစီရင်ခံစာက မြန်မာနိုင်ငံမှာ မကြာခင်က ဖြစ်ပေါ်ခဲ့တဲ့ စီးပွားရေးနဲ့ မူဝါဒဆိုင်ရာ သတင်း အချက်အလက်တွေ၊ ရှေ့အလားအလာတွေကို လေ့လာ ဖော်ပြသွားနိုင်ဖို့ ရည်ရွယ်ထားပြီး ဒီမှာ ဖော်ပြထားချက်တွေ အားလုံးက အသုံးဝင်တဲ့ အချက်တွေ ဖြစ်မယ်လို့လည်း မျှော်လင့်ထားပါတယ်" ဟု ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးတန်း စီးပွားရေးပညာရှင် Khwima Ntharaက ပြောသည်။

"ငွေကြေးဖောင်းပွမှု မြင့်တက်လာတာဟာ ဆင်းရဲတဲ့သူတွေအပေါ် ပိုမို နစ်နာစေတာကြောင့် စိုးရိမ်ဖို့ ကောင်းတဲ့အချက်ဖြစ်ပေမယ့် အကူးအပြောင်းကာလကို ဖြတ်သန်းနေတဲ့ နိုင်ငံတိုင်းဟာ ငွေကြေးဖောင်းပွမှုတွေနဲ့ ရံဖန်ရံခါ တွေ့ကြုံရတတ်ပါတယ်။ မြန်မာနိုင်ငံမှာ ငွေကြေးဖောင်းပွမှုဟာ ဆယ်ဂဏန်းအောက်ရှိနေဆဲဖြစ်တဲ့အတွက် စိုးရိမ်စရာမျိုးတော့ မရှိသေးပါဘူး။ ဒါပေမယ့်လည်း အစိုးရ တာဝန်ရှိသူတွေအနေနဲ့ လက်ရှိ အနေအထားကို သေသေချာချာ အနီးကပ်စောင့်ကြည့်နေဖို့တော့ လိုအပ်ပါတယ်"လို့ ကမ္ဘာ့ဘဏ် မြန်မာနိုင်ငံ ဆိုင်ရာ စီးပွားရေး ပညာရှင် ဒေါ်မေသက်ဇင်က ပြောပါသည်။

ယခုထုတ်ပြန်လိုက်သည့် အစီရင်ခံစာတွင် မြန်မာ နိုင်ငံအစိုးရ၏ လက်ရှိ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားသည့် လုပ်ငန်းများကို ဖော်ပြထားသည်။ ထိုလုပ်ငန်းများသည် နိုင်ငံအတွင်း စီပွားရေးလုပ်ငန်းများအတွက် ကောင်းမွန်သည့် အခြေအနေများဖြစ်ပေါ်ရန် ဆီလျော်သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဖြစ်ကြသည်။ ထို့အပြင် ကုန်ပစ္စည်း ၆၀၀ ခန့် အပေါ် နိုင်ငံခြား ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ လိုင်စင်လိုအပ်ချက်များကို ဖယ်ရှားပေးခြင်း၊ မနှစ်က အတည်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေသစ်တွင်

အချို့ကဏ္ဍများကို ပိုမိုရှင်းလင်းစေရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းသစ်များကို သဘောတူ ခွင့်ပြုပေးခဲ့ခြင်း၊ နှစ်ငါးဆယ်အတွင်း ပထမဦးဆုံး အကြိမ်အဖြစ် ပုဂ္ဂလိက အာမခံ ကုမ္ပဏီများ ထူထောင်နိုင်ရန် လုပ်ငန်းလိုင်စင်များ ချထားပေးခြင်းနှင့် လာဘ်ပေးလာဘ်ယူ ပပျောက်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ခြင်း စသည် တို့ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

မြန်မာနိုင်ငံ စီးပွားရေးစောင့်ကြည့် အစီရင်ခံစာကို www.worldbank.org/myanmar တွင် ဖတ်ရှုနိုင်ပါသည်။


**ဆက်သွယ်ရန်**

Yangon: Kyaw Soe Lynn + 959 203 1159, klynn@worldbank.org

Bangkok: Paul Risley +66 80 781 5165, prisley@worldbank.org

Washington, DC: Diana Chung 202 473 8357, dchung1@worldbank.org


Visit us on Facebook: http://www.facebook.com/worldbank

Be updated via Twitter: http://www.twitter.com/worldbank

For our YouTube channel: http://www.youtube.com/worldbank